# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မူပိုင်ခွင့်ဦးစီးဌာန

စာအမှတ်၊ မပဥ- ၁၂/ စီမံ /၂၀၂၅(၁၀၉၈)

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်

အကြောင်းအရာ။ **ဈေးနှုန်းတင်သွင်းလွှာများ ပေးသွင်းရန် ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် ပူးတွဲပါ ရုံးသုံးစက်ပစ္စည်း(၂)မျိုးအား အိတ်ဖွင့်တင်ဒါဖြင့် ဈေးနှုန်းစိစစ် ဝယ်ယူနိုင်ရန်အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့်အညီ ဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံများကို တစ်စောင်လျှင် (၂၀၀၀/-)ကျပ်နှုန်းဖြင့် မူပိုင်ခွင့်ဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၅၂)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်လက်များကို အောက်ဖော်ပြပါ တယ်လီဖုန်းများတွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေ့ | - | (၁၁-၆-၂၀၂၅)ရက်နေ့မှ (၂၄-၆-၂၀၂၅)ရက်နေ့အထိ |
| တင်ဒါစိစစ်မည့်ရက် | - | တင်ဒါဖွင့်ဖောက်မည့်ရက်စွဲနှင့်အချိန်ကိုထပ်မံ အကြောင်းကြားပေးမည်။ |
| ဆက်သွယ်ရန် ဖုန်းနံပါတ် | - | ၀၆၇- ၄၃၀၅၇၄၊ ၄၃၀၅၇၁ |

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(နေအောင်မျိုး၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း (ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန်)**

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

ရုံးအမှတ်(၃)၊ ရုံးအမှတ်(၅၂)ကြော်ငြာသင်ပုန်းများ

မိတ္တူကို

ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မူပိုင်ခွင့်ဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ မူပိုင်ခွင့်ဦးစီးဌာန

လက်ခံ/မျှောစာတွဲ

၂၀၂၅-၂၀၂၆ ခုနှစ် ၊ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခွင့်ပြုသည့်
ရုံးသုံးပစ္စည်း (၂)မျိုးအား တင်ဒါစနစ်ဖြင့် ဝယ်ယူရန် လျာထားသည့် စာရင်း

တန်ဖိုး -ကျပ်ကိန်းပြည့်

| စဉ် | ပစ္စည်းအမျိုးအမည် | အရေ အတွက် | |
|---|---|---|---|
| | **Lot - 1** | | |
| 1 | Laser Printer<br>12ppm Black & White Laser Printing<br>A4, USB interface, 600 x 600 dpi | 1 | Nos |
| 2 | Network Accessories<br>(a)12TB SAS Hard disk Drive( 2 Nos)<br>(b) DDR4 16 GB RAM ( 1 Nos)<br>(c) 350W AC Power Supply (1 Nos) | 1 | Nos |
| | **Total** | | |

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် ရုံးသုံးစက်ပစ္စည်း(၂)မျိုးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ**

ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းသောသူများသည် အောက်ပါစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်သည်-

(၁) အိတ်ဖွင့်တင်ဒါ တင်သွင်းသူသည် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ သတ်မှတ်ရောင်းချပေးသည့် တင်ဒါပုံစံမူရင်းတွင် အဆုံးအဖြတ်ပေးနိုင်သော ကုမ္ပဏီ၏ MD/ ဒါရိုက်တာ(၁)ဦးမှ လက်မှတ်ထိုးတင်ပြရမည်ဖြစ်ပြီး တင်ဒါပုံစံကို စာအိတ်ဖြင့် တင်ဒါတင်သွင်းရမည်။

(၂) ရောင်းချပေးထားသည့် တင်ဒါပုံစံဖြင့် တင်သွင်းခြင်းမပြုသည့် တင်ဒါများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

(၃) အိတ်ဖွင့်တင်ဒါသို့ လာရောက်သူသည် ဈေးနှုန်းနှင့် ပစ္စည်းအပေါ် အဆုံးအဖြတ်ပေးနိုင်သူဖြစ်ရမည်။

(၄) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည်/ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင်/စည်ပင်လုပ်ငန်းလိုင်စင်မှတ်ပုံတင်)ပိုင်ရှင်၊ MDအမည်နှင့်မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရမည်။

(၅) အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းရာတွင် ဈေးနှုန်းလွှာနှင့်အတူ မိမိတို့တင်သွင်းမည့် ပစ္စည်းနမူနာ(သို့) Catalogueနှင့် ဓါတ်ပုံများကို ပူးတွဲတင်ပြရပါမည်။

(၆) တင်ဒါအာမခံကြေးသည် ပစ္စည်းတန်ဖိုး၏ ၁% ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်း၍ PO Cheque မူရင်းကို မူပိုင်ခွင့်ဦးစီးဌာန၊ စီမံရေးရာဌာနခွဲသို့ တင်ပြရမည်။ တင်ဒါမအောင်မြင်ပါက တင်ဒါအာမခံကြေးကို (၇)ရက်အတွင်း ပြန်လည် ထုတ်ပေးမည်ဖြစ်သည်။

(၇) ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်(Specification)များကို ဈေးနှုန်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှ ကြော်ငြာထားသည့် (Specification) နှင့်တင်သွင်းသည့် ပစ္စည်းသည် ကွဲလွဲမှုမရှိစေရပါ။ ကွဲလွဲမှုရှိပါက ဌာနသို့ ကြိုတင်အသိပေးရမည်။ ကွဲလွဲမှုရှိပါက ကြိုတင်ရွေးချယ်ခံရစေကာမူ ပယ်ဖျက်ခြင်းကို လက်ခံရမည်။

(၈) တင်ဒါပေးသွင်းသောပစ္စည်းတစ်မျိုးချင်းအလိုက် ဈေးနှုန်းပေးသွင်းရန်နှင့် Price, Delivery, Validity, Brand, Country of Orgin တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(၉) အိတ်ဖွင့်တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီများ၏ ဈေးနှုန်းလွှာများမှ ဌာန၏ သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီပြီး ဈေးနှုန်းအနည်းဆုံးဖြစ်သော ကုမ္ပဏီအား ရွေးချယ်ခြင်းပြုလုပ်မည်။

(၁၀) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက် လျော့၍ဖြစ်စေ ၊ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(၁၁) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ/လူပုဂ္ဂိုလ် ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(၁၂) တင်ဒါအောင်မြင်သည့်ကုမ္ပဏီသည် လုပ်ငန်းတန်ဖိုး၏ ၂ % With Holding Tax နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ၊ စာချုပ်ချုပ်ဆိုရာတွင် ကျသင့်သော တံဆိပ်ခေါင်းခွန် ၁% တို့ကို ပေးဆောင်ရမည် ဖြစ်သည်။

(၁၃) အိတ်ဖွင့်တင်ဒါအောင်မြင်သည့် ကုမ္ပဏီ(သို့)အဖွဲ့အစည်းသည် တင်ဒါအောင်မြင်သည့် တန်ဖိုး၏ ၁၀% အား လုပ်ငန်းအာမခံကြေးအဖြစ် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်သည်။

(၁၄) လုပ်ငန်းအားလုံးပြီးစီးနောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီအားဌာနမှ ငွေပေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ကုမ္ပဏီအမည်နှင့် ဘဏ်အကောင့်ဖွင့်လှစ်ထားရှိရမည်။

(၁၄) တင်ဒါရွေးချယ်ပွဲတွင် ရွေးချယ်ခြင်းခံရသော ကုမ္ပဏီများသည် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုမှသာ ရွေးချယ်ခြင်း အတည်ဖြစ်သည်။

(၁၅) တင်သွင်းသည့် ဈေးနှုန်းသည် ပစ္စည်းများတပ်ဆင်အသုံးပြုနိုင်သည့် အခြေအနေထိ ဆောင်ရွက်ပေးသည့် ဈေးနှုန်းဖြစ်ရမည်။

(၁၆) ဈေးနှုန်း တည်မြဲကာလမှာ တင်ဒါအောင်မြင်ပြီးချိန်မှ (၃)လဖြစ်ပါသည်။

(၁၇) အဆိုပါပစ္စည်းများကို (၁)နှစ်အတွင်း ပျက်ဆီးမှုမရှိကြောင်း အာမခံရပါမည်။ (၁)နှစ်အတွင်း ပျက်စီးမှုအတွက် ပစ္စည်းအသစ်လဲလှယ်ပေးနိုင်ရပါမည်။

(၁၈) တင်သွင်းသည့် ပစ္စည်းများ၏ ဈေးနှုန်းသည် ရုံးအမှတ်(၅၂)၊ နေပြည်တော်အရောက် ဈေးနှုန်းဖြစ်ရမည်။

(၁၉) စာချုပ်ပါ သတ်မှတ်ရက်အတွင်း ပေးသွင်းရမည့်ပစ္စည်းအားလုံး မပေးသွင်းနိုင်ပါက ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ဝယ်ယူမည့် ပစ္စည်းအားလုံးတန်ဖိုး၏ ၀.၀၁ % ကို ရောင်းချသူမှ ပေးလျော်ရမည် ဖြစ်သည်။

(၂၀) တင်ဒါကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဌာန အားအလေးမထား ဂရုမပြု၊ မထီမဲ့မြင်ပြုလုပ်ပါကလည်းကောင်း၊ ဥပဒေအရ အရေး ယူခြင်းခံရမည် ဖြစ်ပါသည်။

တင်ဒါကော်မတီလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
မူပိုင်ခွင့်ဦးစီးဌာန